


NYS ၏ အနိမ့်ဆုံး လုပ်ခလစာ

| တည်နေရာ | 1/1/24 | 1/1/25 | 1/1/26 |
|---|---|---|---|
| New York မြို့တော် | $16,00 | $16,50 | $17.00 |
| Long Island နှင့် Westchester | $16,00 | $16,50 | $17.00 |
| နယူးယောက်ပြည်နယ်၏ ကျန်ဒေသများ | $15.00 | $15.50 | $16,00 |

## 2024 ခုနှစ်၊ ဇန်နဝါရီလ 1 ရက်မှစ၍ အကျိုးသက်ရောက်သည်-

### လုပ်အားခများနှင့် အချိန်ပို

ယခုအခါ ပြည်ပဗီဇာ ကိုင်ဆောင်ထားသည့် အလုပ်သမားများ အပါအဝင် စိုက်ပျိုးမွေးမြူရေး အလုပ်သမားအားလုံး၏ ပြက္ခဒိန်ရက် တစ်ပတ်အတွင်း နာရီပေါင်း 56 ထက် ကျော်လွန်သည့် အလုပ်ချိန်နာရီများအတွက် ပုံမှန်နှုန်းထက် တစ်ဆခွဲ ပို၍ ပေးချေရပါမည်။ အချက်အလက်များ ပိုမိုသိရှိလိုပါက ဖုန်းနံပါတ် **877-466-9757** တွင် NYS အလုပ်သမား ဦးစီးဌာနကို ဆက်သွယ်ပါ သို့မဟုတ် **အလုပ်သမား ဦးစီးဌာန ပင်မစာမျက်နှာ | အလုပ်သမား ဦးစီးဌာန (ny.gov) သို့ သွားရောက်ပါ။**

## 2020 ခုနှစ်၊ ဇန်နဝါရီလ 1 ရက်မှစ၍ အကျိုးသက်ရောက်သည်-

### နားရက်

အလုပ်ရှင်များသည် ပြက္ခဒိန်ရက် တစ်ပတ်လျှင် အနည်းဆုံး နားရက်တစ်ရက် (24 နာရီဆက်တိုက်) ပေးရမည်။ အလုပ်ရှင်သည် အလုပ်သမား၏ နားရက်ကို ကြို၍ သတ်မှတ်ပြီး အသိပေးထားရမည်ဖြစ်ကာ ဖြစ်နိုင်သည့်အခါတိုင်း ရိုးရာဓလေ့ထုံးတမ်းအရ ဘာသာရေး ဝတ်ပြုဆုတောင်းသည့် နေ့နှင့်တိုက်ဆိုင်ကြည့်ပြီး နားရက်ကို စီစဉ်ပေးပါ။ အလုပ်ရှင်က ၎င်းတို့ကို အချိန်ပိုနှုန်းအတိုင်း ပေးချေလျှင် စိုက်ပျိုးရေး အလုပ်သမားများသည် နားရက်တွင် မိမိဆန္ဒအလျောက် အလုပ်လုပ်ခွင့်ရှိသည်။ အလုပ်ရှင်များသည် အပတ်စဉ် အလုပ်လုပ်သည့် နာရီများနှင့် ရက်များကို မှတ်တမ်းတင်ထားရမည်။ အချက်အလက်များ ပိုမိုသိရှိလိုပါက ဖုန်းနံပါတ် **877-466-9757** တွင် ဖြစ်စေ၊ **www.labor.ny.gov/FarmLabor** တွင်ဖြစ်စေ NYS အလုပ်သမား ဦးစီးဌာနကို ဆက်သွယ်ပါ။

### အလုပ်လက်မဲ့အာမခံ

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များနှင့် အချို့သော အခြေအနေများအရ စိုက်ပျိုးမွေးမြူရေး အဖွဲ့ခေါင်းဆောင်များသည် ၎င်းတို့၏ အလုပ်သမားများအတွက် အလုပ်လက်မဲ့ အာမခံကို ခံစားခွင့်ပေးရမည်။ အလုပ်လက်မဲ့ အာမခံ ခံစားခွင့်တွင် H-2A ပြည်ပဗီဇာ အလုပ်သမားများ မပါဝင်ပါ။ အချက်အလက်များ ပိုမိုသိရှိလိုပါက NYS အလုပ်သမား ဦးစီးဌာန၏ အလုပ်လက်မဲ့ အာမခံ အလုပ်ရှင် ဟော့လိုင်းနံပါတ် **888-899-8810** ကို ဆက်သွယ်ပါ။

### အလုပ်သမား နစ်နာကြေး

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေးခြံ ပိုင်ရှင်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသည် အလုပ်သမားများ၏ နှစ်စဉ် လစာပမာဏကို ထည့်သွင်းမစဉ်းစားဘဲ ၎င်းတို့၏ အလုပ်သမားများအတွက် အလုပ်သမား နစ်နာကြေး ခံစားခွင့် ပေးရမည်ဖြစ်ပြီး အလုပ်ရှင်အားလုံးသည် မဖြစ်မနေလုပ်ဆောင်ရမည့် အလုပ်သမား နစ်နာကြေးဆိုင်ရာ လိုက်နာမှု အသိပေးချက် ပိုစတာကို အင်္ဂလိပ်နှင့် စပိန် ဘာသာနှစ်မျိုးလုံးဖြင့် အသိပေးဖော်ပြထားရမည်။ ထို့ပြင် အလုပ်သမား ထိခိုက်ဒဏ်ရာ ရရှိကြောင်း

အကြောင်းကြားချက်ကို လက်ခံရရှိသည့် စိုက်ပျိုးမွေးမြူရေး အလုပ်သမား ကန်ထရိုက်တာများ၊ အလုပ်သမားခေါင်းများနှင့် ကြီးကြပ်ရေးမှူးများသည် ထိရိုက်ဒဏ်ရာ ရရှိခဲ့သည့် နေရာကို စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်၊ စိုက်ပျိုးမွေးမြူရေးခြံ ပိုင်ရှင် သို့မဟုတ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူအား အကြောင်းကြားရမည်ဖြစ်သည့်အပြင် အလုပ်ရှင်များအနေဖြင့် အလုပ်သမား နစ်နာကြေး တောင်းဆိုသည့် ဖောင်များကို တောင်းဆိုသည့် စိုက်ပျိုးမွေးမြူရေး အလုပ်သမားများကို ခွဲခြားဆက်ဆံခြင်း မပြုရန် တားမြစ်ထားသည်။ အချက်အလက်များ ပိုမိုသိရှိလိုပါက ဖုန်းနံပါတ် **877-632-4996** တွင် ဖြစ်စေ၊ **wcb.ny.gov** တွင်ဖြစ်စေ အလုပ်သမား၏ နစ်နာကြေး ဘုတ်အဖွဲ့ကို ဆက်သွယ်ပါ။*

### မသန်စွမ်းမှု အာမခံနှင့် လစာဖြင့် မိသားစုခွင့်

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေးခြံ ပိုင်ရှင်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသည် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေး အလုပ်သမားများအား နယူးယောက်ပြည်နယ် မသန်စွမ်းမှု အကျိုးခံစားခွင့်များ (DB) နှင့် လစာဖြင့် မိသားစုခွင့် (PFL) အာမခံကို ခံစားခွင့်ပေးရမည်။ သတ်မှတ်ချက်ပြည့်မီသည့် အလုပ်သမားများအတွက် အလုပ်ရှင်များဘက်က ပေးရမည့် PFL ခံစားခွင့် အကြောင်း အချက်အလက်များအပြင် အာမခံအကျိုးခံစားခွင့်ကို စွန့်လွှတ်ကြောင်း တရားဝင်စာများနှင့် ပတ်သက်သော အချက်အလက်များအတွက် **PaidFamilyLeave.ny.gov** တွင် ကြည့်ပါ။ အလုပ်ရှင်အားလုံးအနေဖြင့် DB သို့မဟုတ် PFL တောင်းဆိုမှုဖောင်များကို တောင်းဆိုသည့် အလုပ်သမားများကို ခွဲခြားဆက်ဆံခြင်းမပြုရန် တားမြစ်ထားသည်။ အချက်အလက်များ ပိုမိုသိရှိလိုပါက **844-337-6303** ကို ခေါ်ဆိုပါ။* *အလုပ်သမား နစ်နာကြေး၊ မသန်စွမ်းမှု အကျိုးခံစားခွင့်များနှင့် လစာဖြင့် မိသားစုခွင့်နှင့် ပတ်သက်၍ နောက်ထပ် အချက်အလက်များနှင့် အလုပ်ရှင်နှင့်ပတ်သက်သော ရင်းမြစ်များအတွက် **www.wcb.ny.gov/farmtoolkit** ရှိ စိုက်ပျိုးမွေးမြူရေး အလုပ်ရှင်များအတွက် အလုပ်သမား နစ်နာကြေး ဘုတ်အဖွဲ့၏ Toolkit ကို ကြည့်ပါ။

### အစည်းအရုံး ဖွဲ့စည်းပိုင်ခွင့်

စိုက်ပျိုးမွေးမြူရေး အလုပ်သမားများသည် အလုပ်သမား အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ၎င်းတို့တွင် ပါဝင်ခြင်း သို့မဟုတ် အကူအညီပေးခြင်း အပါအဝင် အစည်းအရုံး ဖွဲ့စည်းခွင့်နှင့် ၎င်းတို့ကိုယ်တိုင် ရွေးချယ်ထားသည့် ကိုယ်စားလှယ်များမှတစ်ဆင့် အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂကြား ညှိနှိုင်းဆွေးနွေးခွင့်ရှိသည်။ ယင်းတွင် အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂကြား ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် အခြားအပြန်အလှန် အကူအညီ သို့မဟုတ် ကာကွယ်မှု၊ အလုပ်ရှင်များ၏ ဝင်ရောက်စွက်ဖက်မှု၊ ကန့်သတ်မှု သို့မဟုတ် အကျပ်ကိုင်မှုမရှိရေး ရည်ရွယ်ချက်အတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သော လုပ်ဆောင်ချက်များ (အလုပ်အကိုင် စည်းမျဉ်းများနှင့် အခြေအနေများ တိုးတက်ကောင်းမွန်ရေး သို့မဟုတ် အလုပ်သမား အုပ်စု၏ အကျိုးစီးပွားများ တိုးတက်ကောင်းမွန်ရေးကို ဦးတည်သည့် လုပ်ဆောင်ချက်၊ ဆွေးနွေးမှု သို့မဟုတ် အစည်းအဝေး မှန်သမျှတွင် ပါဝင်ခွင့်လည်း အပါအဝင်ဖြစ်သည်)။ သို့ရာတွင် စိုက်ပျိုးမွေးမြူရေး အလုပ်သမားများတွင် သပိတ်မှောက်ပိုင်ခွင့်မရှိပါ။ စိုက်ပျိုးမွေးမြူရေး အလုပ်သမားများအနေဖြင့် အလုပ်အကိုင် အခြေအနေများနှင့် အစည်းအရုံး ဖွဲ့စည်းမှုဆိုင်ရာ အကြောင်းများကို အချင်းချင်းပြောဆိုနေခြင်းကြောင့် အလုပ်မှရပ်စဲခံရခြင်း အပါအဝင် လက်တုံ့ပြန်ခံရခြင်းမှ ကာကွယ်ထားသည်။ နောက်ထပ် သတင်းအချက်အလက်များအတွက်၊ ပြည်သူ့အလုပ်အကိုင်ဆက်ဆံရေး ဘုတ်အဖွဲ့ကို **518-457-6410** တွင် ဆက်သွယ်ပေးပါ၊ သို့မဟုတ် **perb.ny.gov** တွင် ကြည့်ရှုပေးပါ။

## 2021 ခုနှစ်၊ ဇန်နဝါရီလ 1 ရက်မှစ၍ အကျိုးသက်ရောက်သည်-

### စိုက်ပျိုးမွေးမြူရေး ရွှေ့ပြောင်းအလုပ်သမား နေထိုင်ခွင့်ပါမစ်

အလုပ်ရှင်များသည် နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန (NYS Department of Health) (သို့မဟုတ် ဒေသဆိုင်ရာ ကောင်တီကျန်းမာရေးဌာန) သို့ ဆက်သွယ်၍ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ရန် သို့မဟုတ် ရွှေ့ပြောင်းအလုပ်သမား တစ်ဦးနှင့် အထက် နေထိုင်မည့် ယာယီအလုပ်သမား စခန်း ဆောက်လုပ်ရန် ပါမစ်လျှောက်ထားရမည်။ ပါမစ်လျှောက်ထားမှု လုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်များကို သိရှိရန် **518-402-7600** တွင် နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန (NYS Department of Health) သို့ ဆက်သွယ်ပါ။ သင်၏ ကောင်တီ ကျန်းမာရေး ဌာနကို **www.health.ny.gov/contact/contact_information/** တွင် ရှာဖွေပါ


နယူးယောက် ပြည်နယ် အလုပ်သမားဦးစီးဌာနသည် တန်းတူအခွင့်အရေးပေးသည့် အလုပ်ရှင်/အစီအစဉ် ဖြစ်သည်။
မသန်စွမ်းသူများအတွက် အထောက်အကူပြု အကူအညီများနှင့် ဝန်ဆောင်မှုများကို TTY/TDD 711 သို့မဟုတ် 1-800-662-1220 (အင်္ဂလိပ်ဘာသာစကား) / 1-877-662-4886 သို့ ဆက်သွယ်တောင်းဆိုပြီး အခမဲ့ရယူနိုင်ပါသည်။